

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

## HR- OMU Sittwe – 029 : WASH Assistant

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက် ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ် ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**WASH Assistant**

| | | |
|---|---|---|
| **အရေအတွက်** | : | **(၁) ဦး** |
| **ရာထူးအဆင့်** | : | **C-1** |
| **အစီရင်ခံတင်ပြမှု** | : | **စီမံကိန်းညှိနှိုင်းရေးမှူး** |
| **ဌာန** | : | **စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုယူနစ်** |
| **စီမံကိန်း** | : | **ရပ်ရွာလူထုကြံ့ကြံ့ခံနိုင်ရေးစီမံကိန်း** |
| **တာဝန်ကျရာနေရာ** | : | **စစ်တွေမြို့နယ်** |
| **အကျိုးခံစားခွင့်များ** | : | **လစာ + ဒေသရှားပါးစရိတ် + ဝန်ထမ်းအဆောင် + သတ်မှတ်ထားသောခွင့်ခံစားမှုများ (ရှောင်တခင်ခွင့်၊ လုပ်သက်ခွင့်…စသည့်) + ကိုယ်ခန္ဓာထိခိုက်မှုနှင့် ရောဂါဘယအာမခံ + လုပ်ငန်းခွင်တွင်း စွမ်းဆောင်ရည်မြင့်သင်တန်းများ** |
| **လျှောက်လွှာပိတ်ရက်** | : | **၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်၊ ၁၆:၃၀ နာရီ** |

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) နှင့် ပူပေါင်း၍ ဗြိတိန်နိုင်ငံကြက်ခြေနီအသင်း (BRC)၏ ရန်ပုံငွေဖြင့် ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်ခံစားခဲ့ရသော ရပ်ရွာလူထုအတွင်း ကြံ့ကြံ့ခံနိုင်စွမ်းရည် မြင့်တက်လာစေရေးအတွက် စီမံကိန်းတစ်ခုကို ရခိုင်ပြည်နယ်အလယ်ပိုင်းဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ရပ်ရွာလူထုအတွင်း အသိပညာပေးမျှဝေခြင်းများနှင့် စွမ်းရည်မြှင့်သင်တန်းများမှ တဆင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ခြင်း အစီအစဉ်များဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထု နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းစွမ်းရည်ကို မြင့်တက်လာစေရန် ဆောင်ရွက်နေပါသည်။ ယင်းစီမံကိန်းသည် ကျေးရွာများတွင် ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းမှု အလေ့အကျင့်များ အလေးထား ဆောင်ရွက်မှုအားနည်းခြင်းများကိုလည်း ရပ်ရွာလူထုနှင့် တိုက်ရိုက်ထိတွေ့အသိပညာပေး၍ ဖြေရှင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်နေပါသည်။ ယင်းစီမံကိန်းကို စစ်တွေမြို့နယ်နှင့် မင်းပြားမြို့နယ်တို့တွင် အဓိကထား၍ ဆောင်ရွက်နေလျက်ရှိပါသည်။

**WASH Assistant** သည် ကြက်ခြေနီအခြေခံမူများ၊ အသင်း၏ ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ နှင့်အညီ စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုယူနစ်၊ စစ်တွေရုံးခွဲအုပ်ချုပ်မှုအောက်ရှိ Community Resilience Program၏ ရေနှင့်ပတ်ဝန်းကျင်ဆိုင်ရာသန့်ရှင်းရေး

လုပ်ငန်းများတွင် စီမံကိန်းညှိနှိုင်းရေးမှုးနှင့် ကွင်းဆင်းအရာရှိများအား ကူညီဆောင်ရွက်ရန် ဖြစ်သည်။ စစ်တွေမြို့တွင်အခြေပြုဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်ပါက စီမံကိန်းအခြားမြို့နယ်များသို့ သွားရောက်ရမည် ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် အချိန်အခါမရွေး ပါဝင် ဆောင်ရွက်သူဖြစ်ရပါမည်။

**လုပ်ငန်းတာဝန်ဝတ္တရားများ**

(၁) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစီအစဉ်များရေးဆွဲရန်/ Budget များရေးဆွဲရန် အတွက် စီမံကိန်း ညှိနှိုင်းရေးမှုးကို ကူညီဆောင်ရွက်ပေးရမည်။

(၂) စီမံကိန်းကျေးရွာများ ရှိ ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အချက်အလက်များကို စုစည်း ထားရှိရမည်။ up to date ဖြစ်အောင် အမြဲဆောင်ရွက်ရမည်။ အခြေခံအချက်အလက်များ ကောက်ယူ ခြင်း၊ ဆန်းစစ်လေ့လာခြင်း လုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ရမည်။

(၃) စီမံကိန်းကျေးရွာများရှိ စီမံချက်ကော်မတီ၊ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းအဖွဲ့၊ ရေ နှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ များ နှင့် ချိတ်ဆက်ညှိနှိုင်းပြီး ကျေးရွာလူထု လုပ်ငန်း အစီအစဉ် (community plan of action) များ တွင် ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာလိုအပ်ချက်များကို ဦးစားပေး အလိုက် ထည့်သွင်း ရေးဆွဲနိုင်ရေး ပံ့ပိုးဆောင်ရွက်ရမည်။

(၄) စီမံကိန်းကျေးရွာများမှ ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာလိုအပ်ချက် အဆိုပြုလွှာ(Proposal) များ ရေးသားတင်ပြနိုင်ရန် အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်။

(၅) ကျေးရွာစေတနာလုပ်အားရှင်များ၊ ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ အရည်အသွေးမြင့်တက်လာစေရန် သင်တန်းများပေးခြင်း၊ on job training များ ဆောင်ရွက်ခြင်း၊ နည်းပညာ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ရမည်။

(၆) ကျေးရွာ အတွင်း ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်း များ တွင် ပြည်သူလူထု မှ ပူးပေါင်း ပါဝင်လာအောင် community mobilization စည်းရုံးလှုံ့ဆော် ဆောင်ရွက်ရမည်။

(၇) စီမံကိန်းကျေးရွာများအတွင်း တစ်ကိုယ်ရည် နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို PHAST (Participatory Hygiene and Sanitation Transformation) နည်းလမ်းဖြင့် ဆောင်ရွက်ရမည်။

(၈) စီမံကိန်းကျေးရွာများ အတွင်း သောက်သုံးရေ၊ တစ်ကိုယ်ရည် နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများကို PHAST (Participatory Hygiene and Sanitation Transformation) နည်းလမ်းဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းများ အချိန်မှီ အရည်အသွေးပြည့်မီစွာ ပြီးစီး စေရန် ကျေးရွာ လူထုစည်းရုံးရေးမှုးများ၊ ကျေးရွာ စေတနာလုပ်အားရှင် များ နှင့် ပုံမှန် တွေ့ဆုံ၍ အနီး ကပ် ကူညီကြီးကြပ်ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ရမည်။

(၉) ဆောက်လုပ်ရေး ဆိုင်ရာ ကိစ္စရပ်များ အတွက် နည်းပညာ အကူအညီ အား Shelter Coordinator နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ အသင်းမှ သတ်မှတ်ထားသော လမ်းညွှန်ချက်များ အတိုင်း အရည်အသွေး

ပြည့်မီအောင် ကြိုးကြပ်ရမည်။ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေး ကိစ္စရပ်များ အတွက် Health Team နှင့်ပူးပေါင်းဆောင်ရွက်ရမည်။

(၁၀) စီမံကိန်းကျေးရွာ များ အတွင်း ရေအရင်းအမြစ်များ ဖော်ထုတ်ခြင်း၊ပြုပြင်ထိန်းသိမ်းခြင်း၊ တစ်ကိုယ်ရည် နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကိစ္စရပ်များဆောင်ရွက်ခြင်း၊ နည်းပညာ ပံ့ပိုးပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရာ တွင် ဒေသအတွင်းရှိ WASH လုပ်ငန်း ဆောင်ရွက်နေသောအခြား အဖွဲ့များ နှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရမည်။

(၁၁) စီမံကိန်းကျေးရွာများ အတွင်း ကျေးရွာပြည်သူထု အနေဖြင့် သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်မှု၊ တစ်ကိုယ်ရည် နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာများ တိုးတက်လာမှု၊ အလေ့အကျင့်များ တိုးတက်ကောင်းမွန်လာမှု အခြေအနေများ ကို အမြဲမပြတ်စောင့်ကြည့် လေ့လာ ပြီး စီမံကိန်းညှိနှိုင်းရေးမှူး သို့တင်ပြရမည်။

(၁၂) အကျိုးခံစားခွင့် ရှိသူများအကြား ဆက်သွယ်ရေး တာဝန်ရှိသူအဖြစ် ဆောင်ရွက်ကာ ဘက်လိုက်မှု၊ အဂတိလိုက်စားမှု မရှိအောင် ကြိုးကြပ်ဆောင်ရွက်ရမည်။

(၁၃) စီမံကိန်းကျေးရွာများ ရှိ ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ များ ကျေးရွာ လူထု စည်းရုံးရေးမှူး၊ ကျေးရွာ စေတနာလုပ်အားရှင် များ နှင့် တစ်လ တစ်ကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပုံမှန်လုပ်ဆောင်ရမည်။

(၁၄) ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လစဉ် အစီရင်ခံစာ များ၊ အစည်းအဝေး မှတ်တမ်း များ ကို စုစည်း၍ စီမံကိန်းညှိနှိုင်းရေးမှူး သို့တင်ပြရမည်။

**အထွေထွေ**

(၁၅) ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများ နှင့် ပတ်သတ်၍ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စ ရပ်များ၊ ဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များ တွင် စီမံကိန်းညှိနှိုင်းရေးမှူး ကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးရမည်။

(၁၆) အထက်ပါလုပ်ငန်းဆောင်တာများအပြင် ရုံးခွဲမန်နေဂျာနှင့် သက်ဆိုင်ရာကြီးကြပ်သူများက အခါအား လျော်စွာချမှတ်ပေးအပ်သည့် တာဝန်များကိုလည်း ဆောင်ရွက်ရမည်။

**အရည်အချင်းသတ်မှတ်ချက်များ**

- **အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။**
- လူထုအခြေပြု ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး စီမံကိန်းလုပ်ငန်းများတွင် အတွေ့အကြုံ အနည်းဆုံး(၁) နှစ်ရှိရမည်။
- UN/ INGO/ NGO အဖွဲ့အစည်းများတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်ဖူးသူ/ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။





- လူထုဦးဆောင်မှုဖြင့်သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး မြှင့်တင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ရာတွင် သက်ဆိုင်ရာစံနှုန်းများ ၊ နည်းလမ်းများ နှင့်ပတ်သတ်၍ ဗဟုသုတ/ ကျွမ်းကျင်မှု ရှိသူဖြစ်ရမည်။
- Community Mobilization & Facilitation Skill ကျွမ်းကျင်သူဖြစ်ရမည်
- စိတ်ပိုင်းဆိုင်ရာ/ရုပ်ပိုင်းဆိုင်ရာကျန်းမာသန်စွမ်းပြီးသွက်လက်နိုးကြားသူဖြစ်ရမည်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ချမှတ်ထားသည့် မူဝါဒ၊ မဟာဗျူဟာ၊ လမ်းညွှန်ချက် ၊စည်းမျဉ်းစည်းကမ်းများ၊ညွှန်ကြားချက်များနှင့်အရေးပေါ်ထုတ်ပြန်သည့်အမိန့်ကြေငြာ ချက်များအား တိကျစွာလိုက်နာ ဆောင်ရွက် နိုင်သူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ ဆောင်ရွက်နိုင်ရမည်။
- မတူညီသောလူမှုအသိုင်းအဝိုင်းများကြားတွင်အဆင်ပြေချောမွေ့ကောင်းမွန်စွာ အလုပ်လုပ်နိုင်သူဖြစ်ရမည်
- လူမှုဆက်ဆံရေး၊ ကျင့်ဝတ်၊ ကိုယ်ကျင့်တရား နှင့် အကျင့်စာရိတ္တ ကောင်းမွန်သူ ဖြစ်ရမည်။
- အဖွဲ့အစည်းစိတ်ဓာတ်ဖြင့်အလုပ်လုပ်နိုင်သူဖြစ်ရမည်။
- ဒေသခံကြက်ခြေနီစေတနာလုပ်အားရှင်များကို ဦးစားပေးမည်။
- Computer (Microsoft word, Excel, PowerPoint) ကျွမ်းကျင်စွာ အသုံးပြု နိုင်ရမည်။ (မြန်မာ/ English)
- မြန်မာဘာသာစကားအား ကျွမ်းကျင်စွာရေးသားပြောဆိုတတ်ရမည်။
- ဒေသခံဘာသာစကားများ ကျွမ်းကျင်သူကို ဦးစားပေးမည်။

**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ အလုပ်လျှောက်လွှာ (Cover Letter)၊ လိုအပ်သည့် ပညာရေးနှင့် အတတ်ပညာဆိုင်ရာအထောက်အထားများကို မိတ္တူ သို့မဟုတ် PDF Version ဖြင့်-**


| | |
|---|---|
| **အသင်းဌာနချုပ်** | **စစ်တွေရုံးခွဲ၊** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့** | **မေယုလမ်း၊ ကျေးပင်ကြီးရပ်ကွက်** |
| **နေပြည်တော်။** | **စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်။** |

**(သို့မဟုတ်) mrcshrmaungdaw@redcross.org.mm သို့လိပ်မူကာ ပေးပို့ လျှောက်ထား နိုင်ပါသည်။အသေးစိတ်အချက်အလက်များကို www. redcross.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင် ပါသည်။**


**"လူတွေ့စစ်မေးခြင်းအတွက်ရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။"**

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"**

**Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality**